**မြန်မာ့နိုင်ငံရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်နိုင်ရန် အဓိကကျတဲ့ နည်းဗျူဟာတွေက ဘာတွေဖြစ်သင့်သလဲ။**




မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် နိုင်ငံရေးတွင် အားလုံးပါဝင်ရေးဟာ လွန်စွာအရေးပါပါတယ်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် အခွင့်အလမ်းနည်းပါးသောအုပ်စုများ၊ အထူးသဖြင့် အမျိုးသမီး၊ လူငယ်နှင့် တိုင်းရင်းသားလူနည်းစုများရဲ့ အသံများကို ကြားပြီး ထည့်သွင်းပါဝင်ရပါမယ်။

- လွှတ်တော်ကို လွှမ်းမိုးသက်ရောက်နိုင်ပြီး အခြားသော တန်းတူညီမျှရေး အရေးဆိုလှုပ်ရှားသူများနှင့် အတူတကွပူးပေါင်းဆောင်ရွက်နိုင်သော အမျိုးသမီးအဖွဲ့အစည်းများကို တည်ထောင်ခြင်း။
- အမျိုးသမီး၊ လူငယ်နှင့် တိုင်းရင်းသားလူနည်းစုများကိုယ်စားပြု ဒေသဆိုင်ရာရေးရာနှင့်၊ ကော်မတီများကို ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားလူနည်းစုများ၏ သီးခြားအခွင့်အရေးများအတွက် အားပေးမြှင့်တင် တောင်းဆိုနိုင်ပြီး အခွင့်အလမ်းနည်းပါးသောနည်းအုပ်စုများအား ခွဲခြားဆက်ဆံမှုများအတွက် တိုက်ပွဲဝင်နိုင်ပါတယ်။

- အစုအဖွဲ့များအားလုံး သာတူညီမျှပါဝင်နိုင်မှု သေချာစေရန်အတွက် နိုင်ငံသားဥပဒေနဲ့ ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်ကို ပြန်လည်သုံးသပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်း ပြုလုပ်ဖို့လိုအပ်ပါတယ်။
- နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူနည်းစုပါတီများ၊နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးခြင်းများသည် မတူညီသော ရွေးကောက်ပွဲဆိုင်ရာစနစ်များ၏ အားသာချက်၊ အားနည်းချက်များကို အကဲဖြတ်ဆုံးဖြတ်ရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။
- ခွဲခြမ်းစိတ်ပိုင်းပြီး ယုံကြည်စိတ်ချရသော  သတင်းအချက်အလက်များ စုဆောင်းရရှိနိုင်မှုသည် အားလုံးပါဝင်မှုရှိရေးနှင့် တန်းတူညီမျှမှုကို အားကောင်းရန်ဦးတည်သော နိုင်ငံရေးပါဝင်ဆောင်ရွက်မှု၊ ကိုယ်စားပြုမှုရှိခြင်းနဲ့ ပံ့ပိုးဆောင်ရွက်မှုစီမံချက်များကို လေ့လာစောင့်ကြည့်တိုင်းတာရာ တွင် အလွန်အရေးပါပါတယ်။

## မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်ခွင့် တိုးမြှင့်စေရန် ကြားကာလအစိုးရအဖွဲ့အစည်းများအနေဖြင့် လုပ်ဆောင်ရန် အချက် (၉) ချက်

- အမျိုးသမီးများနှင့် ပွင့်လင်းစွာပြောဆိုခြင်းနှင့် တိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်မှုကို သေချာစေခြင်း။
- ရပ်ဘက်အဖွဲ့အစည်းများနှင့် အခွင့်အလမ်း နည်းပါးသော အုပ်စုများ၏ အသံများကို နားထောင်၍ဖြည့်ဆည်းပေးမှု သေချာစေရန်အတွက် ကြားကာလ အစိုးရအဖွဲ့အစည်းများအတွင်း ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခြင်း။
- ဦးစားပေးမူဝါဒနယ်ပယ်များကို ဖော်ထုတ်ခြင်းနှင့် စည်းရုံးလှုံ့ဆော်မှုများကို ဆောင်ရွက်ရန်  အမျိုးသမီးအဖွဲ့အစည်းများကို ဖွဲ့စည်းရန်အတွက် အမျိုးသမီးကွန်ယက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။
- ကြားကာလအစိုးရအဖွဲ့အစည်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးကော်မတီများ၊ ကောင်စီများ သို့မဟုတ် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများမှတဆင့် မြန်မာလူငယ်ရေးရာကော်မတီများ၏ အလုပ်များအပေါ်ပံ့ပိုးပျိုးထောင်ပေးခြင်း။
- သမိုင်းအစဉ်အဆက် ကိုယ်စားပြုမှု အားနည်းခဲ့သော တိုင်းရင်းသားလူနည်းစုများနှင့် အခွင့်အလမ်းနည်းပါးသောအုပ်စုများအားလုံး၏ အခွင့်အရေးကို မြှင့်တင်ရန် အထူးကော်မတီများဖွဲ့စည်းပြီး အဖွဲ့အစည်းဆိုင်ရာဖွဲ့စည်းပုံ သို့မဟုတ် ယန္တရားတည်ထောင်၍ လုပ်ပိုင်ခွင့်နှင့် အရင်းအမြစ်များကို ထောက်ပံ့ကူညီပေးခြင်း။
- လူအုပ်စုများအားလုံး သာတူညီမျှပါဝင်နိုင်မှု အာမခံနိုင်ရေး ၁၉၈၂ နိုင်ငံသားဥပဒေကို ပြန်လည်သုံးသပ်ခြင်း။
- အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားလူနည်းစုများ၏ ပါဝင်မှုနှင့် ကိုယ်စားပြုမှု တိုးမြှင့်နိုင်စေရန်အတွက် ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်ကို ပြန်လည်သုံးသပ်ခြင်း။
- မတူညီသော ရွေးကောက်ပွဲဆိုင်ရာစနစ်များ၏ အားသာချက်၊ အားနည်းချက်များကို အကဲဖြတ်ဆုံးဖြတ်ရန်အတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူနည်းစုပါတီ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုကို သေချာစေခြင်း။
- အားလုံးပါဝင်မှုရှိရေးနှင့် တန်းတူညီမျှမှုအားကောင်းရန်ဦးတည်သော ရည်ရွယ်ချက်ဖြင့် အသိပေးအကြောင်းကြားရန်နှင့် ပံ့ပိုးကူညီရန် ဒေတာများကို ကောက်ယူစုဆောင်းပြီး ကျား၊မ၊ အသက်အရွယ်နှင့် တိုင်းရင်းသားလူမျိုးစသည်ဖြင့် ခွဲခြမ်းစိတ်ပိုင်းထားခြင်း။